NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER October 2018

NEWS

## EU EBA Monitoring Mission နှင့် တွေ့ဆုံမှု UMFCCI ၏ သတင်းစာရှင်းလင်းပွဲ

လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များကြောင့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအား ပေးထားသော ကုန်သွယ်မှု အခွင့်အရေး (GSP EBA) ကို ပြန်လည် ရုပ်သိမ်းသင့်/မသင့် စိစစ်နိုင်ရန် အီးယူ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့ (EU EBA Monitoring Mission) ကို စေလွှတ်ခဲ့သည်။ ယင်းအဖွဲ့သည် ရန်ကုန်သို့ရောက်ရှိပြီး ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ သုံးပန်လှ၊ Sunday Cafe ၌ အလုပ်သမား ၂၂ ဦးနှင့် တွေ့ဆုံခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ အီးယူရုံး၌ UMFCCI မှ ဦးဆောင်သည့် လုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့တွင် UMFCCI တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အတွင်းရေးမှူး ရဲမင်းအောင်၊ မြဝတီစက်မှုဇုန် ဖိနပ်ထုပ်လုပ်ငန်းရှင် ဒေါ်သင်းသင်းမြတ်၊ လှိုင်သာယာစက်မှုဇုန် အထည်ချုပ်လုပ်ငန်းရှင် ဦးအောင်မျိုးဟိန်း တို့ ပါဝင်၍ အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့နှင့် တွေ့ဆုံ ခဲ့ကြခြင်းဖြစ်သည်။ ယင်းတွေ့ဆုံပွဲနှင့် ပတ်သက်၍ ၂၀၁၈-၁၀-၃၀ ရက်၊ UMFCCI တွင် သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် MGMA ဥက္ကဋ္ဌ ဦးမြင့်စိုး၊ UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ဖိနပ်ထုတ်လုပ်ငန်းရှင် ဒေါ်သင်းသင်းမြတ် နှင့် အထည်ချုပ်လုပ်ငန်းရှင် ဦးအောင်မျိုးဟိန်း တို့မှ အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့နှင့် တွေ့ဆုံပွဲအတွင်း မေးမြန်းခဲ့သည့် မေးခွန်းများ၊ ရှင်းလင်းဖြေကြားခဲ့သည့် အချက်အလက်များကို ပြောပြခဲ့သည်။ အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေး အဖွဲ့ဝင်များ၏ မျက်နှာအမူအရာကို ကြည့်ခြင်းအားဖြင့် မိမိတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ကျေနပ်ကြသည်ဟု ခံစားရကြောင်း MGMA ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ပြောခဲ့သည်။ UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှလည်း "အီးယူအဖွဲ့လာခြင်းကို အသင်းချုပ်အနေနဲ့ ကြိုဆိုပါတယ်။ ကဏ္ဍအစုံနဲ့ တွေ့ဆုံဆွေးနွေးအပြီးမှာ ဖြစ်သင့်ဖြစ်ထိုက်သော ချင့်ချိန်မှုမျိုးနဲ့ ပြန်လည် တင်ပြတာဖြစ်ဖို့ မျှော်လင့်ပါတယ်" ဟု စိစစ်လေ့လာရေးအဖွဲ့ဝင်များအား ပြောခဲ့ကြောင်း ပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများ မေးမြန်းသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြပြီး ညနေ ၄း၃၀ နာရီ တွင် သတင်းစာရှင်းလင်းပွဲပြီးဆုံးခဲ့သည်။



## Labour Audit အတွက် အသင်းဝင်စက်ရုံများအား ခေါ်ယူတွေ့ဆုံ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် အသင်းဝင်စက်ရုံများ၏ အလုပ်သမားရေးရာ ကိစ္စရပ်များကို စစ်ဆေးအကြံပြုနိုင်ရန် အလုပ်သမားရေးရာ စစ်ဆေးခြင်း (Labour Audit) ကို ဆောင်ရွက်လျှက်ရှိသည်။ ထိုအကြောင်းကို ၂၀၁၈-၁၀-၂၀ ရက်နေ့တွင် MGMA သင်တန်းခန်းမ၌ အသင်းဝင် စက်ရုံပိုင်ရှင်များ၊ စီမံခန့်ခွဲရေးဌာနအရာရှိများအား ခေါ်ယူ၍ ရှင်းလင်းတင်ပြခဲ့သည်။ MGMA ၏ အထွေထွေအတွင်း ရေးမှူး (၁) ဒေါ်ခိုင်ခိုင်နွယ်၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်အေးအေးဟန် နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း လက်ရှိ ဖြစ်ပေါ်လျှက်ရှိသော အခြေအနေနှင့် ပတ်သက်၍ အမေရိကန် အလုပ်သမားရေးရာဌာန ၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံ အား ကလေးလုပ်သား ရှိသောနိုင်ငံတစ်ခုအဖြစ် ဆက်လက်ထည့်သွင်းဖော်ပြထားကြောင်း၊ ဥရောပ သမဂ္ဂက မြန်မာနိုင်ငံ အား ပေးထားသော GSP (EBA) ကို ပြန်လည်ရုပ်သိမ်းရန်သင့်/မသင့် စဉ်းစားနေပြီဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ လာရောက်ရန်ရှိကြောင်း၊ ထိုသို့ လာရောက်သည့်အခါ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိတိုးတက်မှုအခြေအနေနှင့် EU EBA ၏ အရေးပါပုံကို သေချာစွာ ရှင်းလင်းပြောပြနိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ကလေးလုပ်သား စေခိုင်းမှုနှင့် ပတ်သက်သည့် အထည်ချုပ် လုပ်ငန်းကဏ္ဍ၏ အခြေအနေမှန်ကိုလည်း တင်ပြနိုင်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော အသင်းဝင်စက်ရုံ (၈၁) ရုံမှ ပိုင်ရှင်များ၊ စီမံရေးရာဌာန အရာရှိများက Labour Audit Form များကို ဖြည့်စွက်ဖြေကြားခဲ့ကြသည်။ MGMA ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်း မှလည်း အသင်းဝင်စက်ရုံများအား သွင်းကုန်လိုင်စင်ထောက်ခံစာလျှောက်ထားမှုနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြ၍ အခမ်းအနားပြီးဆုံးခဲ့သည်။





## MGMA သင်တန်းကျောင်းများတွင် အပ်ချုပ်စက်များ ဝယ်ယူရန် အလှူငွေများ ကောက်ခံရရှိ

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ၏ သင်တန်းကျောင်းများ ဖြစ်သော အင်းစိန်မြို့နယ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (Myanmar Garment Human Resource Development Center - MGHRDC) နှင့် ပညာရေး ဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်သည့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်သင်တန်းကျောင်းတို့တွင် အသုံးပြုမည့် အပ်ချုပ်စက်များ ဝယ်ယူရန် အသင်းဝင်များထံမှ အလှူငွေများ ကောက်ခံခဲ့ပါသည်။ ထိုသို့ ကောက်ခံရရှိသည့် ၂၀၁၈-၁၀-၃၁ ရက်နေ့အထိ အလှူငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# NEWSLETTER

## MYANMAR GARMENT MANUFACTURERS ASSOCIATION



| Sr. | Donor's Name | Amount in MMK | Amount in USD |
|---|---|---|---|
| 1. | Shwe Sakar Co., Ltd. | 5,000,000 | |
| 2. | Maple Trading Co., Ltd. | 1,000,000 | |
| 3. | Korea Garment Association in Myanmar | | 2,500 |
| 4. | Chinese Textile & Garment Association in Myanmar | 3,000,000 | |
| 5. | CHK Garment Co., Ltd. | 50,000 | |
| 6. | Jewoo Manufacturing Co., Ltd. | 500,000 | |
| 7. | Bawga Mandaing Manufacturing Co., Ltd. | 500,000 | |
| 8. | Bogard Lingerie [Yangon] Ltd. | 2,000,000 | |
| **Total** | | **12,050,000.00** | **2,500** |

PRIORITY

## နည်းဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ ၆၆၈/၅/အလရ-ဥပဒေ ၂/၁၈ ( ၆၄၄၄ )
ရက် စွဲ၊ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁၅ ရက်

အကြောင်းအရာ။ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးစည်းကြပ်လျက်ရှိသော အလုပ်သမားဥပဒေများအနက် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေများ၏ နည်းဥပဒေများအား လွှတ်တော်များသို့ ပေးပို့ထားရာ လွှတ်တော်ဥက္ကဌက ခွင့်ပြုသည့်အစီအစဥ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြသော နေ့ရက်မှစ၍ ရက်ပေါင်း (၉၀) အတွင်း ကိုယ်စားလှယ်များမှ ပြင်ဆင်ဖြည့်စွက်သည့် အဆို တင်သွင်းလာခြင်းမရှိသည့်အတွက် ယခုအခါ အဆိုပါ နည်းဥပဒေများသည် အတည်ပြုပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/စက်မှုဇုန်/မြို့နယ်ရုံးများ အနေဖြင့် ကြိုတင်ဖြန့်ဝေထားသော နည်းဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ် ဆောင်ရွက်သွားရန် ညွှန်ကြားသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(အောင်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး)

တိုင်းဒေသကြီး/ပြည်နယ်ရုံးများအားလုံး
(လက်အောက်ခံနယ်မြေရုံးများသို့ ဆက်လက်ဖြန့်ဝေရန်)
မိတ္တူကို-
ရုံးလက်ခံ/မျှော

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၈-၁၀-၁၅ ရက် ရက်စွဲဖြင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေ နှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန် ညွှန်ကြားချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ညွှန်ကြားချက်တွင် "ဌာန၏ စစ်ဆေးစည်းကြပ်လျှက်ရှိသော အလုပ်သမားဥပဒေများအနက် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေများ၏ နည်းဥပဒေများ အား လွှတ်တော်များ သို့ ပေးပို့ထားရာ လွှတ်တော် ဥက္ကဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စား လှယ်များထံ ဖြန့်ဝေတင်ပြသော နေ့ရက်မှစ၍ ရက်ပေါင်း (၉၀) အတွင်း ကိုယ်စားလှယ်များမှ ပြင်ဆင်ဖြည့်စွက် သည့် အဆို တင်သွင်းလာခြင်းမရှိသည့်အတွက် ယခုအခါအဆိုပါ နည်းဥပဒေ များသည် အတည်ပြုပြီးဖြစ်ကြောင်း" ဟု ဖော်ပြပါရှိ သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၉/၂၀၁၈ ဖြင့်ထုတ်ဝေခဲ့သော ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများသည် အတည် ဖြစ်ပြီ ဖြစ်ပါသည်။ ယင်း ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများသည် လုပ်ငန်းခွင်များတွင် ဖြစ်ပွားလေ့ရှိသော ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးထားသဖြင့် စက်ရုံအလုပ်ရုံများ၏ စီမံရေးရာဝန်ထမ်းများ စောင့်မျှော်နေသော နည်းဥပဒေများ ဖြစ်ခဲ့သည်။

## ရက်သတ္တပတ်သတ်မှတ် အလုပ်ချိန်ပြည့်လျှင် ရက်သတ္တပတ်အလုပ်ပိတ်ရက်အတွက် အခကြေးငွေပေးရခြင်း (ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများ)

၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၉/၂၀၁၈ ဖြင့်ထုတ်ဝေခဲ့သော ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများ၏ အခန်း (၂)၊ ပုဒ်မ (၃) တွင် -

> "အလုပ်သမားသည် သက်ဆိုင်ရာဥပဒေအရ ရက်သတ္တပတ်သတ်မှတ် အလုပ်ချိန်ပြည့်အောင် လုပ်ခဲ့ပြီး ဖြစ်လျှင် ရက်သတ္တပတ်အလုပ်ပိတ်ရက် အနည်းဆုံးတစ်ရက်ကို သက်ဆိုင်ရာအခကြေးငွေ သို့မဟုတ် အခြေခံလစာငွေဖြင့် ခံစားခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည်။

ထို့ပြင် အခန်း (၁)၊ ပုဒ်မ (၂)(ဍ) တွင် -

> "သတ်မှတ်အလုပ်ချိန်ဆိုသည်မှာ လုပ်ငန်းအလိုက် သက်ဆိုင်သည့် အလုပ်သမားဥပဒေက အလုပ်သမား အမျိုးအစားအလိုက် ခွင့်ပြုထားသည့် တစ်ရက်ခွင့်ပြုအလုပ်ချိန်၊ ရက်သတ္တပတ်ခွင့်ပြု အလုပ်ချိန်တို့ကို ဆိုသည်။"

ဟု ပြဋ္ဌာန်းထားသည်။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ အရ တစ်ရက်ခွင့်ပြုအလုပ်ချိန်သည် ၈ နာရီ ဖြစ်ပြီး ရက်သတ္တပတ်ခွင့်ပြုအလုပ်ချိန်သည် ၄၄ နာရီ (အဆက်မပြတ်လုပ်ရသော လုပ်ငန်းများအတွက် ၄၈ နာရီ) ဖြစ်သည်။ အထည်ချုပ်စက်ရုံများသည် ရက်သတ္တတစ်ပတ်လျှင် ၄၄ နာရီ အလုပ်လုပ်ရသော လုပ်ငန်းများဖြစ်ကြသည်။

ထို့ကြောင့် အထက်ပါပြဋ္ဌာန်းချက်များအရ ရက်သတ္တပတ် သတ်မှတ်အလုပ်ချိန် ၄၄ နာရီ ပြည့်အောင် လုပ်ခဲ့သော အလုပ်သမားအား ရက်သတ္တပတ်အလုပ်ပိတ်ရက် အနည်းဆုံး တစ်ရက်ကို သက်ဆိုင်ရာ အခကြေးငွေ သို့မဟုတ် အခြေခံလစာငွေဖြင့် ခံစားခွင့်ပေးရမည် ဖြစ်ပါသည်။ ရက်သတ္တပတ် သတ်မှတ်အလုပ်ချိန် ၄၄ နာရီကို တွက်ချက်ရာတွင် လုပ်ခခံစားခွင့်ရှိသော ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ၊ အလုပ်ရှင်မှ အလုပ်မပေးနိုင်၍ အလုပ်နားရသည့်ရက်များကိုပါ အလုပ်ချိန် ၈ နာရီဖြင့် အလုပ်လုပ်ခဲ့သည့် အလုပ်လုပ်ရက်အဖြစ် ထည့်သွင်းတွက်ချက် ပေးရမည် ဖြစ်သည်။ ယင်းအချက်ကို ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများ အခန်း (၂)၊ ပုဒ်မ (၄) တွင် ပြဋ္ဌာန်းထားသည်။

အချုပ်ဆိုရလျှင် အထည်ချုပ်စက်ရုံ အလုပ်သမားတစ်ဦးသည် သက်ဆိုင်ရာဥပဒေအရ လုပ်ခခံစားခွင့်ရှိသော ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များကို ခံစားခြင်း သို့မဟုတ် အလုပ်ရှင်မှ အလုပ်မပေးနိုင်၍ အလုပ်နားရခြင်း မဟုတ်ဘဲ ခွင့်မတိုင်ဘဲ ပျက်ကွက်ခြင်း၊ လစာမဲ့ခွင့်ခံစားခြင်းများပြုခဲ့ပါက ၎င်းအလုပ်လုပ်ခဲ့သည့် ရက်သတ္တပတ်သတ်မှတ် အလုပ်ချိန်ပြည့်မီတော့မည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းအလုပ်သမားသည် သက်ဆိုင်ရာ ရက်သတ္တပတ်အလုပ်ပိတ်ရက် အနည်းဆုံး တစ်ရက်ကို သက်ဆိုင်ရာ အခကြေးငွေ သို့မဟုတ် အခြေခံလစာငွေဖြင့် ခံစားရန်မှာလည်း ခွင့်ရက်နှင့် အလုပ်ပိတ်ရက် နည်းဥပဒေများ၊ အခန်း (၂)၊ ပုဒ်မ (၃) နှင့် ကိုက်ညီတော့မည် မဟုတ်ပေ။

## EBA ရုပ်သိမ်းမှု လုပ်ငန်းစဉ်

ဥရောပ သမဂ္ဂမှ အီးယူ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေး အဖွဲ့ (EU EBA Monitoring Mission) သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ယင်းအဖွဲ့လာရောက်တွေ့ဆုံခြင်းနှင့် ပတ်သက်၍ UMFCCI က ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် UMFCCI အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က EBA ရုပ်သိမ်းခြင်း လုပ်ငန်းစဉ်သည် ချက်ချင်းအကျိုးသက်ရောက်မည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ ထိုသို့အကျိုးသက်ရောက်ရန် (၁) နှစ်ခွဲကြာမည်ဖြစ်ကြောင်း၊ ယခုလာရောက်ခဲ့သည့် အဖွဲ့မှာ မြန်မာနိုင်ငံအပေါ် EBA ရုပ်သိမ်းမှု လုပ်ငန်းစဉ် စတင်ရန်သင့်/မသင့် စိစစ်လေ့လာခြင်း ဖြစ်ကြောင်း

ပြောကြားခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲအကြောင်းကို နိုင်ငံပိုင်သတင်းစာများက သတင်းများ ဖော်ပြခဲ့ကြသည်။ EBA ရုပ်သိမ်းမှု လုပ်ငန်းစဉ်နှင့် ပတ်သက်၍ EU officials: Ending EBA an 18-month procedure (Cambodia's case) နှင့် EU trade privileges move alarms garment sector သတင်းစာမျက်နှာ များတွင် ဖော်ပြထားသည်။

### အလုပ်အမှုဆောင် တစ်ဦးတည်းကိုသာ တစ်လ ၂ ရက် On-duty ခွင့်ပေးရန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ ၁၀၁/အလည(သုဖွဲ့) ၂၀၁၈(၄၆၉၉၀)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

အကြောင်းအရာ။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပါ အကြောင်းအရာအား အငြင်းပွားနေမှုကို တိကျစွာအဓိပ္ပါယ်ဖွင့်ဆိုပေးပါရန်ကိစ္စ

ရည် ညွှန်း ချက်။ လှိုင်သာယာအထည်ချုပ်အလုပ်ရှင်အဖွဲ့အစည်း၏ ၅.၁၀.၂၀၁၈ ရက်စွဲပါစာ

၁။ ၂၀၁၁ ခုနှစ်၊အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၃၀ တွင်ပါရှိသည့် အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်အား On duty ခွင့်ပြုသည့်ကိစ္စနှင့်ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းချက်အား နားလည်မှုလွဲမှားနေမှုပါသဖြင့် ဥပဒေပါအဓိပ္ပါယ်ဖွင့်ဆိုချက်အား တိကျစွာပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၁ ခုနှစ်၊အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၃၀ တွင် "အလုပ်ရှင်သည် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန်တစ်ခုခုပေးအပ်ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား အခြားနည်းဖြင့်သဘောတူညီထားသည်မှအပ ယင်းတာဝန်ကိုထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက်ထက်မပိုစေဘဲခွင့်ပြုရမည်။ ယင်းကာလကိုမိမိလုပ်ငန်းရှိ မူလတာဝန်ကို ထမ်းဆောင်နေသကဲ့သို့ မှတ်ယူရမည်"ဟုပြဋ္ဌာန်းထားခြင်းသည် အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်တစ်ဦးကိုသာ တစ်လလျှင် On duty နှစ်ရက်ထက်မပိုစေဘဲခွင့်ပြုရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(အောင်ငွေးဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဒေါက်တာခင်မောင်အေး
ဥက္ကဋ္ဌ
လှိုင်သာယာမြို့နယ်အထည်ချုပ်အလုပ်ရှင်အဖွဲ့အစည်း၊
အမှတ်(၇)၊ Block(B-10)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မိတ္တူကို
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
တိုင်းဒေသကြီး/ပြည်နယ်၊ပြည်ထောင်စုနယ်မြေ ဦးစီးမှူးများအားလုံး (သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အရာရှိများထံဆက်လက်ဖြန့်ဝေရန်)
ရုံးလက်ခံ/မျှောစာတွဲ

၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်းဥပဒေပါ အကြောင်းအရာအား အငြင်းပွားနေမှုကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက ၂၀၁၈-၁၀-၀၉ ရက်နေ့တွင် စာအမှတ် - ၁၀၁/အလည(သုဖွဲ့) ၂၀၁၈ (၄၆၉၉၀) ဖြင့် စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းစာ၌ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ ပုဒ်မ ၃၀ တွင် "အလုပ်ရှင်သည် အလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန်တစ်ခုခုပေးအပ်ခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးအား အခြားနည်းဖြင့် သဘောတူညီ ထားသည်မှအပ ယင်းတာဝန်ကို ထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက် ထက်မပိုစေဘဲခွင့်ပြုရမည်။ ယင်းကာလကို မိမိလုပ်ငန်းရှိ မူလတာဝန်ကို ထမ်းဆောင်နေသကဲ့သို့ မှတ်ယူရမည်" ဟုပြဋ္ဌာန်းထားခြင်းသည် အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးကိုသာ တစ်လလျှင် On duty နှစ်ရက်ထက် မပိုစေဘဲ ခွင့်ပြုရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း အတိအလင်း ဖော်ပြညွှန်ကြားထားသည်။

## ACTIVITY

### မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း ကဏ္ဍအကြောင်း Video Clip ရိုက်ကူး

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA နှင့် ILO, ACT/EMP တို့ ပူးပေါင်း၍ မြန်မာ အထည်ချုပ်လုပ်ငန်း ကဏ္ဍအကြောင်း နှစ်မိနစ်စာ Video Clip တစ်ခု ရိုက်ကူးခဲ့သည်။ ဥရောပသမဂ္ဂ၏ ကုန်သွယ်မှု အခွင့်အရေး (EBA) နှင့် အခြား နိုင်ငံကြီးများ၏ ကုန်သွယ်မှုအခွင့်အရေးများကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ မည်ကဲ့သို့ တိုးတက်လျှက်ရှိပြီး အမျိုးသမီးအများစုအလုပ်သမားများ အလုပ်အကိုင်ရရှိနေကြပုံကို တိုတိုနှင့် ပေါ်လွင်အောင် ပြသထားသည့် ယင်း Video Clip ကို အီးယူ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့ နှင့် တွေ့ဆုံစဉ်တွင် ပြသခဲ့သည်။ Video Clip ကို https://www.youtube.com/watch?v=FlP9PG4_Zxk တွင် ကြည့်ရှုနိုင်သည်။

## UPCOMING

| Description | Date | Place |
|---|---|---|
| 1. 2nd Myanmar Textile Summit 2018<br>MGMA and ECV International are organizing in collaboration 2nd Myanmar Textile Summit 2018. The summit will focus on the latest government policies and international trading policies on the textile and apparel industries in Myanmar, sourcing practice and trends of international brands, the main challenges for FDI and so on. | 12-13 Nov 2018 | Sedona Hotel |
| 2. 7th Myanmar International Textile & Garment Industry Exhibition (MTG)<br>www.myanmar-expo.com/MTG<br>Yangon Convention Center (YCC) in Inya Lake Hotel Compound | 6-9 Dec 2018 | YCC Inya Lake Hotel |
| 3. Factory Award Dinner (2018)<br>Myanmar Garment Manufacturers Association | 8 Dec 2018 (TBC) | |

## NEW MEMBERS IN OCTOBER 2018

| Number of New Factories in September 2018 | | 0 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| | | |
| | | |
| **TOTAL** | 0 | 0 |

## MEMBERSHIP UPDATE AS OF 2018-10-31

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 109 | 73341 |
| | Chinese | 202 | 187373 |
| | Korea | 58 | 56951 |
| | Japan | 19 | 54462 |
| | Others | 132 | 68445 |
| Inactive | All | 72 | 0 |
| TOTAL | | 592 | 440572 |